ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
ပထမနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

[ဗုဒ္ဓဟူးနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

အချိန်၊ ၁၀း၀၁။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေး ခန်းမအတွင်းမှာ ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာ တိုင်ပေးတဲ့အခါ ကျွန်ုပ်ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ကျွန်ုပ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၄၀၄၂ ဗိုလ်မှူးအောင်ကိုမင်း သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။

အားလုံးထိုင်နိုင်ပါပြီ။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၅၄)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

အချိန်၊ ၁၀း၀၄။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၄။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်လို့ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဖတ်ကြားပြပါမယ်။

ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ပြည်ပခရီး၊ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကျန်းမာရေး၊ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကျန်းမာရေး၊ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရန် ရှိပါသဖြင့်၊ ဦးကျော်သူဦး၊ မကွေး(၅)၊ ကျန်းမာရေး၊ ဦးဥာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး၊ ဦးဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ နာဂရိုးရာပွဲတော်ကိစ္စ၊ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကချင်ပြည်နယ်နေ့ အခမ်းအနားကိစ္စ၊ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး၊ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ နာဂရိုးရာပွဲတော်ကိစ္စ၊ ဦးစံထွန်း၊ ကချင်(၁၁)၊ မိသားစုကိစ္စ၊ ဗိုလ်မှူးအောင်ထွေး၊ သင်တန်း၊ ဗိုလ်မှူးနေအောင်ဦး၊ သင်တန်း၊ ဗိုလ်မှူးဝင်းကျော်ကျော်၊ သင်တန်း၊ ဗိုလ်မှူးသိန်းဘိုဘိုထွေး၊ သင်တန်း၊ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး ဖြစ်ပါတယ်။ စုစုပေါင်း(၂၁)ဦး ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ စုံစုံညီညီတက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီတစ်ပတ် လွှတ်တော်အစည်းအဝေးများဟာ နိုင်ငံတော် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း အရေးကြီးဆုံးဖြစ်တဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အရ/အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီတစ်ခေါက်အစည်းအဝေးမှာ လွှတ်တော်အစည်းအဝေးတွေကို နံနက်(၁၀း၀၀)နာရီ ကနေ နောက်အကျဆုံး နေ့လယ်(၁)နာရီအတွင်း ကျင်းပပြီး၊ ကျန်တဲ့အချိန်တွေမှာ ကော်မတီအလိုက် အသေးစိတ်လေ့လာဖို့အတွက် အခွင့်အရေးပေးမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ အရေးကြီးတဲ့ ဥပဒေကြမ်းတွေ ဆွေးနွေးရမှာဖြစ်သလို ကျွန်တော်တို့အတွက် ဥပဒေလက်ကျန်တွေလည်း အများကြီး ရှိနေပါတယ်။ ပြည်သူ့လွှတ်တော်မှာ ဆောင်ရွက်ဆဲ ဥပဒေကြမ်း(၂၁)ခု၊ အမျိုးသားလွှတ်တော်မှာ ဆောင်ရွက်ဆဲ ဥပဒေကြမ်း(၁၇)ခု၊ စုစုပေါင်း(၃၈)ခုကိုလည်း ကျေပွန်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကို သက်ဆိုင်ရာ ကော်မတီများဟာ လွှတ်တော်ကာလအတွင်း အကြွေးကျန်မရှိ၊ လုပ်ငန်းများ ပြီးပြတ်အောင် အထူးကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

နောက်တစ်ချက် ပြောကြားလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်ကာလဟာ ယခုဆိုရင် (၂)နှစ်ကို ပြည့်ဖို့ နည်းနည်းပဲ လိုတော့တာ ဖြစ်ပါတယ်။ ဒီလိုကာလကို ကျွန်တော့်ရဲ့ ဦးဆောင်မှုနဲ့ အားလုံးပေါင်းစပ်ပြီး ပါဝင်ဆောင်ရွက်ကြတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီတစ်ပတ်မှာတော့ မေးခွန်းနဲ့ ပတ်သက်လို့ အနည်းငယ်ထပ်ပြောချင်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၆၊ နှုတ်ဖြင့်ဖြေဆိုရမည့် မေးခွန်းမေးမြန်းခြင်းနဲ့ စပ်လျဉ်း၍ (ဃ)မှာ ဖြေကြားသော အဖြေကို ရှင်းလင်းစေရန် အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းနိုင်သည်။ သို့ရာတွင် ယင်းမေးခွန်းသည် ဤနည်းဥပဒေများနဲ့ ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်မပြုရ ပြဋ္ဌာန်းချက် ရှိပါတယ်။

ဒီလွှတ်တော်ဆိုင်ရာ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ လွှတ်တော်စတင်တဲ့ အချိန်ကတည်းက ဥပဒေ၊ နည်းဥပဒေ အတိုကောက်တွေပါ ရေးသားဖြန့်ဝေပြီးတော့ ဒါတွေလေ့လာပြီး အပြည့်အဝ အသုံးချဖို့ တိုက်တွန်းခဲ့ပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်ကာလမှာ မေးခွန်း မေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အဖြေကို ကျေနပ်ဖွယ်ရာ မရဘူးလို့ သိရှိ လိုက်ရသော်လည်း လွှတ်တော်ဥက္ကဋ္ဌက ဖြေကြားပြီးတဲ့အခါမှာ ဒီမေးခွန်းရှင်ကို လှမ်းကြည့်တဲ့ အခါမှာ လွှတ်တော်ဥက္ကဋ္ဌကို တစ်ဆက်တည်း၊ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့် မတောင်းခံတဲ့အတွက်၊ မတောင်းခံဘဲနဲ့ ဘေးကပုဂ္ဂိုလ်နှင့် စကားပြောနေတဲ့အတွက် ဒါဟာ အခွင့်အရေးဆုံးရှုံးမှု တစ်ခုဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းဆိုတာက မိမိမေးတဲ့

မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားချက်ကို ကျေနပ်မှု၊ ကျေနပ်လက်ခံနိုင်ဖွယ်ရာ မရှိဘူးဆိုရင် ဒီလိုဆောင်ရွက်ဖို့ လိုပါတယ်။

နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လုပ်ငန်းက ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်ရတာဖြစ်တဲ့အတွက် မေးခွန်းတွေ တော်တော်များပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၂၆(c)မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးမယ့် အကြောင်းကိစ္စနဲ့ စပ်လျဉ်း၍ အတိုချုပ်သာ ဆွေးနွေးရမည် ဆိုတဲ့အတွက် မေးခွန်းများကို တတ်နိုင်သမျှတိုတို မေးမြန်းဖို့ တိုက်တွန်းလိုပါတယ်။ တာဝန်ရှိ ပုဂ္ဂိုလ်၊ ဖြေကြားတဲ့ ပုဂ္ဂိုလ်တွေကလည်း အတိုချုပ်သာ ဖြေကြားရမည်ဆိုတာ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါ့အပြင် ၎င်းနည်းဥပဒေများ ၁၂၂ မှာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်သည်ဟု ဥက္ကဋ္ဌ က သတ်မှတ်သော မေးခွန်းများနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းနိုင်သည်ဆိုပြီးတော့ ဖော်ပြထားတဲ့ကိစ္စဟာ အလွန်တန်ဖိုးရှိတာ ဖြစ်ပါတယ်။

ဒါကြောင့် (၂)နှစ်ဆိုတဲ့ ကာလကို ဖြတ်သန်းလာပြီးတဲ့နောက်မှာ မိမိတို့နဲ့ သက်ဆိုင်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ကြေညက်စွာ လေ့လာပြီးတော့မှ ပြည်သူ့ကိုယ်စားထမ်းဆောင်တဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေလို့ တိုက်တွန်းပြောကြားအပ်ပါတယ်။

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၁၂။

ဥက္ကဋ္ဌ။ ။ ယခု အစီအစဉ်(၇)ကို ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ အမျိုးသား စီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

(၄)ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ (The 4th GMS) ၏ ချမှတ်ထားသော အစီအစဉ်များ အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် မည်ရွေ့မည်မျှ လုပ်ငန်းအဆင့်ဆင့်ကို အကောင် အထည်ဖော်ထားသည်ကို သိရှိလိုသည့် မေးခွန်း

အချိန်၊ ၁၀း၁၃။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ က (၄)ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ (The 4th GMS) ၏ ချမှတ် ထားတဲ့ အစီအစဉ်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် မည်ရွေ့မည်မျှ လုပ်ငန်း အဆင့်ဆင့်ကို အကောင်အထည်ဖော်ထားသည်ကို သိရှိလိုတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၃။

ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး အနေဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှ အစပြု၍ အကြီးအကဲ ကွပ်ကဲမှုဖြင့် အေးချမ်းသာယာစွာ ယနေ့ ဆဋ္ဌမပုံမှန် အစည်းအဝေးအထိ ကျင်းပပေးလာနိုင်မှုကို လေးစားစွာ ဂုဏ်ပြုအပ်ပါတယ်။ အလားတူ ယနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်ကျင်းပတဲ့နေ့မှာ ကြွရောက် လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို ကျန်းကျန်းမာမာ၊ ရှင်ရှင်လန်းလန်းနဲ့ တွေ့ဆုံရတဲ့ အတွက် ဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်စကား တင်ပြပန်ကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက် အရ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ ဖူးပွင့်လာမယ့် အသီးအပွင့်တွေဟာ နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားအပေါင်းတို့ ခံစားစေနိုင်ဖို့အတွက်

ရည်ရွယ်ထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးမြို့တော်ဖြစ်တဲ့ နေပြည်တော်မှာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှာ GMS လို့ခေါ်တဲ့ Greater Mekong Sub-Region မဲခေါင်မြစ်ဝှမ်းဒေသဆွေးနွေးပွဲ (၄)ကြိမ်မြောက်ကို ခမ်းခမ်းနားနား ကျင်းပခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ ထိုကျင်းပတဲ့ မဲခေါင်မြစ်ဝှမ်းဒေသရဲ့ အစီအစဉ်မှာ မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာဖြစ်တဲ့ ကမ္ဘောဒီယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံနဲ့ ထိုင်းနိုင်ငံနှင့်တကွ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ ပါဝင်ပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ စိုက်ပျိုးရေးကို အဓိကထားပြီးတော့ မဟာဗျူဟာ စီမံကိန်း (၃)ချက်နဲ့ ဆောင်ရွက်ချမှတ်ထားတဲ့ ဒီကော်မရှင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့နံပါတ်(၁) အနေနဲ့ကြည့်ရင် နိုင်ငံအချင်းချင်း ဝိုင်းဝန်းပံ့ပိုးကူညီရန်၊ ဒုတိယအချက်အနေနဲ့ ကြည့်လို့ရှိရင် ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးကို Implement လုပ်ရန်အတွက် ဖြစ်ပါတယ်။ တတိယအချက်အနေကတော့ Social Living Standard ကို Promote လုပ်ဖို့အတွက် တည်ထောင်ထားတဲ့ ကော်မရှင်ဖြစ်ပါတယ်။ နောက် သူရဲ့ ရည်ရွယ်ချက်ဟာ စိုက်ပျိုးရေးကို အဓိကရည်ရွယ်ချက် ဖြစ်တဲ့အတွက် CASP လို့ခေါ်တဲ့ Co-Agriculture Support programme ဒါလေးကိုတော့ ကျွန်တော့်ကို ပြောခွင့်ပြုပါခင်ဗျား။ ဒီလို မှီငြမ်းပြီးပြောမှလည်း မဲခေါင်မြစ်ဝှမ်းဒေသရဲ့ မေးခွန်းဟာ ပြည့်စုံမှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ CASP ခေါ်တဲ့ Co-Agriculture Support programme ကို သူတို့ ချမှတ်ခဲ့ပါတယ်။

အဲဒီကနေပြီးတော့မှ Working Group of Agriculture ဆိုပြီးတော့ တစ်ခါချမှတ်ခဲ့ပါတယ်။ ချမှတ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ အဆင့်(၃)ဆင့်နဲ့ သွားမယ်ဆိုပြီးတော့ စီမံကိန်းတွေ ဆွဲထားပါတယ်။ စီမံကိန်း အဆင့်(၃)ဆင့်မှာကတော့ ဒီ စိုက်ပျိုးရေးကို အခြေခံပြီး ဆောင်ရွက်မယ်ဆိုပြီးတော့ ဆုံးဖြတ်ထားခြင်း ဖြစ်ပါတယ်။ ဒုတိယအဆင့်မှာတော့ ဒီ စိုက်ပျိုးရေးကနေ ရရှိလာတဲ့ ဒီ အသီးအနှံစားသုံးမှု၊ ဆန်ရေစပါးအပေါင်းတို့ကို ကာလဒေသနဲ့ လိုက်လျောညီစွာ ဆောင်ရွက်နိုင်ဖို့အတွက်ကို ဘေးအန္တရာယ်ကြုံကြိုက်တဲ့အခါမှာ Crisis တွေဝင်တဲ့အခါမှာ ပြောင်းလဲပြီး ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ခွင်းချက်တွေကိုထားပြီး ဆောင်ရွက်နေခြင်း ဖြစ်တယ်ဆိုတာ သိရပါတယ်။ ဒါကြောင့်မို့လို့ အရေးအကြီးဆုံးကတော့ Food Security ဖြစ်မယ်။ Food Security ဖြစ်လို့ ပိုလျှံလာမယ်ဆိုရင် ကျွန်တော်တို့ ဒေသတွင်း (Plat form) ကနေပြီးတော့

ကမ္ဘာ့ဈေးကွက်ကို လှမ်းနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက် ထားရှိပါတယ်။ နောက် အဲဒီမှာပဲ ကျွန်တော်တို့ Agriculture Research တွေလုပ်ရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ Institutional Mechanism For Reginal Co-Operation ဆိုတဲ့ လုပ်ငန်းကိုင်ငန်းတွေနဲ့ ထပ်တူညီမျှနိုင်တဲ့ နိုင်ငံတွေကို ပေါင်းစပ်ရမယ်ဆိုပြီး အဆင့်(၂)မှာ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ဂျပန် - မဲခေါင် ဆွေးနွေးပွဲတွေ၊ အိန္ဒိယ - မဲခေါင် ဆွေးနွေးပွဲတွေ ဆောင်ရွက်လာတာကို တွေ့ရပါတယ်။

အထူးသဖြင့် ဂျပန်ရဲ့ ဆောင်ရွက်မှုဟာ ၂၀၀၉ ခုနှစ်လောက်ကတည်းက ဒီ မဲခေါင်ကော်မရှင်ကလည်းပဲ ကျွန်တော်တို့ ယခုမှ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းမဟုတ်ဘဲနဲ့ ဒီ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ လက်ထက်လောက် ကတည်းကကို ဖွဲ့စည်းပြီးတော့ ဒီကော်မရှင်ဟာ ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပေါင်းစပ်တဲ့ (Institutional Mechanism For Regional Co-Operation) တွေကို လုပ်ရမယ်ဆိုတဲ့အတိုင်း ခုန နှစ်နိုင်ငံက လုပ်ဆောင်သွားတာကိုလည်း တွေ့ရပါတယ်။ နောက်တတိယအဆင့် အနေနဲ့ကတော့ လေထုညစ်ညမ်းမှု မရှိရေးဖြစ်ပါတယ်။ ဒီ လေထုညစ်ညမ်းမှု မရှိရေးမှာလည်း အထူးသဖြင့် ကျေးလက်ဒေသတွေမှာ သန့်စင်တဲ့ Renewable Energy လို့ခေါ်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို တည်ထောင်နိုင်ဖို့ လိုပါတယ် ဆိုတဲ့အကြောင်း ဒီလိုတည်ထောင်နိုင်တဲ့ စွမ်းအင်ကြောင့်သာလျှင် စိုက်ပျိုးရေးကဏ္ဍကို တိုးချဲ့မယ်ဆိုတဲ့ အကြောင်း ဒီအချက်တွေ ပါပါတယ်။

နောက်တစ်ခါ အခုနောက်ဆုံးကတော့ ကျွန်တော်တို့ (၂၉)ရက်၊ နိုဝင်ဘာ ဒီ ၂၀၁၂ အထဲမှာပဲ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံရဲ့ သမ္မတကြီးနဲ့ ဒီ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတနိုင်ငံရဲ့ သမ္မတကြီးတို့ ပူးတွဲကြေညာချက် ထုတ်တဲ့အခါမှာလည်း ဒီမဲခေါင်မြစ် ကော်မရှင်ကို လက်ခံကြောင်း၊ မဲခေါင်မြစ်၏ ရေအရင်းအမြစ် စီမံခန့်ခွဲမှုနဲ့ ကျွန်တော်တို့ စဉ်ဆက်မပြတ် သုံးစွဲမှုကို မဲခေါင်မြစ်ကော်မရှင်ကနေ ဆုံးဖြတ်ချက်တွေကို သဘောတူတဲ့ အကြောင်းတွေ ပါရှိပါတယ်။ ဒီလိုအချက်တွေကို ဘာကြောင့် ကျွန်တော်တင်ပြခဲ့ရသလဲဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံတော်ရဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ မျှော်မှန်းထားတဲ့အတိုင်း ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ Reducing of Poverty ဆင်းရဲမှုလျှော့ချရေး (၂၆)ရာခိုင်နှုန်းကနေ (၁၆)ရာခိုင်နှုန်း ကျန်ရေးအတွက်ကို ဒီရရှိလာမယ့် မဲခေါင်မြစ်ဝှမ်းရဲ့ အသီးအပွင့်တွေကနေ ရှိနေကြတဲ့ တိုင်းရင်းသား

ပြည်သူတွေ၊ ဒီမြစ်နဲ့ ဆက်စပ်ပြီး ဆောင်ရွက်နေကြတဲ့ ပြည်သူတွေမှာ အသီးအပွင့် ခံစားပြီးတော့ စီးပွားရေးအလုပ်အကိုင်များ ဖွံ့ဖြိုးအောင်၊ မဲခေါင်မြစ်ရဲ့ချမှတ်ထားတဲ့ မဟာဗျူဟာနဲ့လည်း ကိုက်ညီအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မျှော်မှန်းပြီးတော့ ဆင်းရဲမှုလျှော့ချနိုင်ရေးကို အကျိုးပြုစေနိုင်မယ့် မေးခွန်းတစ်ခုဖြစ်တဲ့အတွက် ကျွန်တော် လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၂၀။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဥာဏစိုး က အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၀။

ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ရဲ့ နိုင်ငံဟာ စျေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးနေပြီဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ နိုင်ငံခြားသားလုပ်ငန်းရှင်တွေရော၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေရော အများအပြား ထူထောင်ပြီးတော့ အထည်ချုပ်လုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်။ ဒီလို လုပ်ကိုင်နေတဲ့အခါမှာ ဒီအထည်ချုပ်လုပ်ငန်းတွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်များပြားလာတဲ့အခါမှာ နိုင်ငံရဲ့ စီးပွားရေးကိုလည်း အထောက်အကူပြုနေတာကို တွေ့ရှိရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

အခု ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ကနေပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ကျွန်တော်တို့ ပြဋ္ဌာန်းဖို့၊ ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ပြောင်းလဲလာတဲ့ ခေတ်စနစ်တွေနဲ့အညီ စီးပွားရေးလုပ်ငန်းရှင်တွေဘက်ကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ရိုးသားဖြောင့်မတ်မှုရှိဖို့ အလွန်အင်မတန်မှပဲ အရေးကြီးလာပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားသားလုပ်ငန်းရှင်တွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့လိုပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသားတွေအတွက် ပြဋ္ဌာန်းပေးထားတဲ့ အခွင့်အရေးတွေကို မသမာတဲ့နည်းတွေနဲ့ တိုင်းရင်းသားတွေကို အမည်ခံခိုင်းပြီးတော့ ရယူဆောင်ရွက်နေတယ်ဆိုရင် ဒါဟာ အင်မတန်မှ မသင့်လျော်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းတွေမှာဆိုရင် အဓိကအားဖြင့် လုပ်ငန်းနှစ်မျိုးနှစ်စား ရှိပါတယ်။ တစ်ခုကတော့ အထည်ချုပ်လုပ်တဲ့လုပ်ငန်းပါ။ နောက်တစ်ခုကတော့ အထည်တွေရဲ့ အရည်အသွေးကို စစ်ဆေးရတဲ့ Inspection လုပ်ရတဲ့ လုပ်ငန်းပါ။ အဲဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်ငန်းရှင်လို့ အမည်ခံထားပေမယ့် တကယ့်တကယ်တော့ နောက်ကွယ်မှာ နိုင်ငံခြားသားတွေကနေပြီးတော့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ အထည်ချုပ်လုပ်ငန်းတွေမှာဆိုလည်း အထည်ချုပ် အလုပ်သမားထောင်နဲ့ချီတဲ့ လုပ်ငန်းကြီးတွေပါ ပါဝင်နေတာကို တွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ဒီအထည်စစ်ဆေးတဲ့ လုပ်ငန်းတွေဆိုရင်လည်း လုပ်သားဦးရေ (၁၀၀)၊ (၂၀၀)လောက်ပဲရှိတယ် ဆိုပေမယ့် အင်မတန်မှ ဒါဟာ ဝင်ငွေရလမ်း အခွင့်အရေးများတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ နိုင်ငံခြားသားတွေကတော့ အမျိုးမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ များသောအားဖြင့်တော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ ကိုရီးယား၊ ဂျပန် စတဲ့ လုပ်ငန်းရှင်တွေဟာ ဒီမှာ အုပ်ချုပ်မှုဒါရိုက်တာ ဆိုပြီးတော့ မြန်မာတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးတွေကို အမည်ခံခိုင်းပြီးတော့ ဒီလို ဆောင်ရွက်နေတာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခါမှာ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်အခတွေလည်း အများကြီး နစ်နာပါတယ်။

နောက်တစ်ခါ တိုင်းရင်းသားလုပ်ငန်းရှင်စစ်စစ်တွေရဲ့ အခွင့်အရေးတွေကိုလည်း ထိပါးဆုံးရှုံးနေတာကို တွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကို လှည့်ဖြားပြီးတော့၊ ဥပဒေကို လက်တစ်လုံးခြား လုပ်ပြီးတော့ မသမာတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒါတွေကိုတော့ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဖို့ လိုအပ်ပါပြီလို့ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုတဲ့မေးခွန်းကတော့ အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေတဲ့ စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ နဲ့ ရှိပါကလည်း မည်သို့အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါတဲ့အတွက်ကြောင့်မို့လို့ အများပြည်သူ အကျိုးငှာ အပြုသဘောတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၂၄။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၂၄။

ဒေါက်တာကံဇော် (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ မေးမြန်းသည့် (၄)ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ (The 4th GMS) ၏ ချမှတ်ထားသော အစီအစဉ်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် မည်ရွေ့၊ မည်မျှ လုပ်ငန်းအဆင့်ကို အကောင်အထည်ဖော်ထားသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှာ နေပြည်တော်မှာ လက်ခံကျင်းပခဲ့ပြီး မဟာဗျူဟာမူဘောင်သစ်ကို ချမှတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် လမ်းညွှန်အဖြစ် မဲခေါင်ဒေသခွဲမဟာဗျူဟာမူဘောင်သစ် (၂၀၁၂-၂၀၂၂) ကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ မဟာဗျူဟာ မူဘောင်သစ်အရ GMS အစီအစဉ်အနေဖြင့် အနာဂတ်တွင် ကြုံတွေ့ရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဆောင်ရွက်မည့် ဦးတည်ချက်ကို အဖွဲ့ဝင်နိုင်ငံများမှ ချမှတ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ထိုသို့ ချမှတ်ထားရာတွင် အဓိကအားဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ (Hardware Infrastructure) တွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်အလေးပေး ဆောင်ရွက်သွားရန်နှင့် ယင်းကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ဒေသအဆင့်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဝါဒ၊ ဖွဲ့စည်းမှု၊ အသိပညာနှင့် နိုင်ငံများအကြား ပေါင်းစည်းညှိနှိုင်း ဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးဆိုင်ရာ ကိစ္စရပ်များ(Software)များကို ပိုမိုစူးစိုက် ဆောင်ရွက်ရန်တို့ ပါရှိပါတယ်။

ထို့ပြင် မဟာဗျူဟာ မူဘောင်သစ်တွင် ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး စင်္ကြံလမ်းကြောင်းများချဉ်းကပ်မှု (Corridor Approach) နည်းလမ်းကိုလည်း အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် လမ်းညွှန်ထားပါတယ်။

မဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင်သစ် (၂၀၁၂-၂၀၂၂) အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် (မူကြမ်း) ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ၁၁-၁၂-၂၀၁၂ ရက်နေ့နှင့် ၁၂-၁၂-၂၀၁၂ ရက်နေ့တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် GMS ဝန်ကြီးများ အစည်းအဝေးသို့ တင်ပြအစီရင်ခံခဲ့ပါတယ်။

စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် MOU on the Joint Cooperation in Further Accelerating the Construction of the Information Superhighway and its Application in the GMS MOU ကို နားလည်မှုစာချွန်လွှာအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် MOU on Joint Action to Reduce HIV Vulnerability Related to Population Movement ကို

MOU အဖြစ်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် The Establishment of GMS Freight Transporters Association (FRETA) ကို MOA အဖြစ်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

MOU on the Joint Cooperation in Further Accelerating the Construction of the Information Superhighway and its Application in the GMS နှင့် စပ်လျဉ်း၍ မြန်မာ-တရုတ် Cross Border Link အရ ကျွန်တော်တို့ Voice Internet ကို (30xE1) လိုင်း အဖြစ်လည်းကောင်း၊ Internet ကို 2.035 Gb သို့လည်းကောင်း တိုးမြှင့်ခဲ့ပြီး၊ မြန်မာ-ထိုင်း Cross Border Link အရ Internet ကို 2.81 Gb သို့ တိုးတက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

MOU for Joint Action to Reduce HIV Vulnerability Related to Population Movement နှင့် စပ်လျဉ်း၍ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများတွင် ရွှေ့ပြောင်းသွားလာနေကြသူများအကြား ဆောင်ရွက်လျက်ရှိတဲ့ HIV ရောဂါကာကွယ်တားဆီးရေး၊ လုပ်ငန်းတိုက်ဖျက်ရေးများမှာ (က) ပြည်သူလူထုတို့အား အသိပေးဆွေးနွေးတင်ပြခြင်း၊ (ခ) ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဂ) လိင်ဆက်ဆံမှုမှတစ်ဆင့် HIV ပိုးကူးဆက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဃ) မူးယစ်ဆေးဝါး သုံးစွဲမှု မှတစ်ဆင့် HIV ပိုးကူးဆက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (c) မိခင်မှ ကလေးသို့ HIV ပိုးကူးဆက်ပြန့်ပွားမှု ကာကွယ်သည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ (စ) ပိုးမွှားကင်းစင်သော သွေးများ ရရှိစေရန် ဆောင်ရွက်ခြင်း၊ (ဆ) ဝေဒနာရှင်နှင့် မိသားစုများအား ကုသမှုပေးခြင်းနှင့် သင့်လျော်သည့် ပြုစုစောင့်ရှောက်မှုများပေးခြင်း၊ (ဇ) ကဏ္ဍစုံ၊ ဘက်စုံ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ခြင်း၊ (စျ) အထူးစီမံချက်လုပ်ငန်းဆောင်ရွက်ခြင်း (နယ်စပ်ဒေသ ရောဂါတိုက်ဖျက်ရေး အစီအစဉ်များ)၊ (ည) လုပ်ငန်းဆောင်ရွက်မှုများ ဆန်းစစ်ဆွေးနွေးသုံးသပ်ခြင်းတို့ ဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသခွဲ နိုင်ငံများတွင် အစည်းအဝေးများကိုလည်း နှစ်စဉ်ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ-ထိုင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများကိုလည်း နှစ်စဉ်ပြုလုပ်လျက်ရှိပြီး၊ ရွှေ့ပြောင်းလုပ်သားများ အပြန်အလှန်

လွှဲပြောင်းပေးပို့ ကုသခြင်းများ (Cross Referral System) ပြုလုပ်ခြင်း၊ နယ်စပ်ဒေသ ဂိတ်များတွင် နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်နည်းလမ်းများ (International Health Regulation) အတိုင်း လိုက်နာဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိပါသဖြင့် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများသာမက ပြည်သူလူထုအတွင်း အသိပညာများ မြင့်တက်လာကာ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာတာကို တွေ့ရှိရပါတယ်။ အသက်(၁၅) နှစ်အထက် HIV ပိုးတွေ့ရှိနှုန်းမှာ ၂၀၀၉ ခုနှစ်တွင် (၀.၆၁)ရာခိုင်နှုန်း ရှိရာမှ ၂၀၁၁ ခုနှစ်တွင် (၀.၅၃)ရာခိုင်နှုန်းအထိ ကျဆင်းလာတာကို တွေ့ရှိရပါသဖြင့် မဟာမဲခေါင် ဒေသခွဲ နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်သားများအတွင်း ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေးရေးလုပ်ငန်း များကို အရှိန်အဟုန်မြင့်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး MOU for Joint Action to Reduce HIV Vulnerability Related to Population Movement in the GMS ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအစီအစဉ်ကို ၁၁-၁၂-၂၀၁၂ ရက်နေ့နဲ့ ၁၂-၁၂-၂၀၁၂ ရက်နေ့များမှာ ကျင်းပခဲ့တဲ့ (၁၈)ကြိမ်မြောက် GMS ဝန်ကြီးများ အစည်းအဝေးတွင်လည်း အတည်ပြုနိုင်ခဲ့ကြပါတယ်။

MOA on the Establishment of GMS Freight Transporters Association (FRETA) နှင့် စပ်လျဉ်း၍ (၄)ကြိမ်မြောက် မဟာမဲခေါင် ထိပ်သီးဆွေးနွေးပွဲ GMS စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကွန်ဖရင့် (GMS BIC) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉-၂၀ ရက်နေ့များတွင် နေပြည်တော်၌ ပူးတွဲကျင်းပနိုင်ခဲ့ပါတယ်။ အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ မဲခေါင်ဒေသ (၆)နိုင်ငံမှ နိုင်ငံ့အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါတယ်။

GMS BIC ၏ GMS FRETA and Multimodal Transport Development in GMS Session မှာ GMS နိုင်ငံများမှ ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာစာတမ်းများ၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဆိုင်ရာစာတမ်းများ တင်ပြဆွေးနွေးခဲ့ကြပါတယ်။

GMS အသေးစား၊ အလတ်စား SME Credit Guarantee Scheme နဲ့ Promotion of Mutual Investment in GMS Session မှာ မဲခေါင်ဒေသတွင်း အသေးစားနှင့် အလတ်စား ချေးငွေအာမခံ အစီအစဉ်များ၊ စီးပွားရေးစကြီတစ်လျှောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာစာတမ်းများနဲ့ ဆွေးနွေးချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စတုတ္ထအကြိမ် GMS Summit မှာ Reporting to GMS Leaders from GMS Business and Investment Conference အဓိကထောက်ခံ တင်ပြချက်များကို အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် မှလည်းကောင်း၊ GMS - Business Forum (BF) ၏ လုပ်ငန်းဆောင်ရွက် တိုးတက်မှု အခြေအနေများကို GMS - Business Forum ဥက္ကဋ္ဌ Mr. Sun Anmin မှ လည်းကောင်း တင်ပြခဲ့ပါတယ်။

GMS နိုင်ငံခေါင်းဆောင်ကြီးများရှေ့မှောက်တွင် GMS - Business Forum ဥက္ကဋ္ဌ ရာထူး (၂၀၁၂-၂၀၁၃) အား All China Federation of Industry & Commerce မှ Vice-President Mr. Sun Anmin မှ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

GMS (၆)နိုင်ငံအကြား Freight & Transport Association ဖွဲ့စည်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။

မဲခေါင်ဒေသအတွင်း ကုန်စည်ပို့ဆောင်ရေးအသင်း ဖွဲ့စည်းရန် (၄)ကြိမ်မြောက် မဲခေါင်ညီလာခံတွင် GMS နိုင်ငံများရှိ GMS - Business Forum ဥက္ကဋ္ဌများမှ သဘောတူညီ ချက်အား ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီးလည်း ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပခဲ့သည့် GMS - FRETA Lanch Meeting တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်(၅)ဦး အမည်စာရင်း တောင်းခံထားခြင်းအား GMS - Business Forum ရုံးသို့ ပေးပို့ပြီးလည်း ဖြစ်ပါတယ်။

GMS - FRETA နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေး၊ လွယ်ကူချောမွေ့ရေး၊ ကွင်းဆင်းလေ့လာရေးခရီးကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစပြီး မန္တလေးမှ မူဆယ်မြို့များသို့ အသင်းချုပ် ဥက္ကဋ္ဌနှင့် MIFFA ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်နှင့် Business Forum, Board of Director, Mr. John Quarmby တို့ သွားရောက်ခဲ့ကြပါတယ်။

GMS FRETA Meeting ကို လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့က ကျင်းပခဲ့ရာ GMS - Business Forum ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ စီးပွားရေးစကြီ Forum နှင့် GMS အဆင့်မြင့် အရာရှိများ အစည်းအဝေး လက်ခံကျင်းပခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်မှ ၂၉ ရက်နေ့အထိ မန္တလေး Sedona Hotel တွင် စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ စီးပွားရေးစကြီများ Forum နှင့် GMS အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဘောင် ဦးဆောင်အစည်းအဝေးကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ (၁၆)ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး Forum ကို လည်းကောင်း ကျင်းပနိုင်ခဲ့ပါတယ်။

(၁၆)ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး Forum တွင် မြန်မာနိုင်ငံ အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ လေ့လာပြုစုသည့် Myanmar Transport Sector Initial Assessment ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့ အထိ ရန်ကုန်မြို့တွင် (၁၁)ကြိမ်မြောက် မဲခေါင်ဒေသခွဲ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အဖွဲ့အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပြီး မဲခေါင်ဒေသခွဲ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာမူဘောင်နှင့် ရှေ့လုပ်ငန်းအစီအစဉ် ၂၀၁၃-၂၀၁၇ ကို လည်းကောင်း MoU for the Joint Action to Reduce HIV Vulnerability Related to Population Movement in the GMS အကောင်အထည်ဖော်နိုင်ရေးအတွက် Draft Action Plan (၂၀၁၂-၂၀၁၄)ကို လည်းကောင်း အတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ ၂၇ ရက်နေ့များမှာလည်း ရန်ကုန်မြို့တွင် GMS Joint Working Group (WG)နှင့် 13th Meeting of the Regional Power Trade Coordination Committee (RPTCC-13) အစည်းအဝေး ကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ မဲခေါင်ဒေသခွဲ ရထားအသင်းထူထောင်ရေး (Establishment of GMS Railways Association - GMRA) ကို ကနဦးတွင် Non-Legal Body အဖြစ် ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊

နန်နင်းမြို့တွင် ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် မဲခေါင်ဒေသခွဲ ဝန်ကြီးများ အစည်းအဝေးတွင် သဘောတူညီမှု ရရှိခဲ့ကြပါကြောင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ၏ မေးခွန်းကို ပြန်လည်ဖြေကြား အပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဥာဏစိုး မေးမြန်းသည့် အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသား အမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ၁၉၈၈ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ခွင့်ပြု ပေးလျက်ရှိပါတယ်။ အထည်ချုပ်လုပ်ငန်းများနှင့် ပတ်သက်၍ အချို့လုပ်ငန်းများက မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံကာ နိုင်ငံခြားသားများက ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေသည်ကို ၂၀၁၁ ခုနှစ်၊ မေလတွင် ကော်မရှင်အနေဖြင့် စိစစ်တွေ့ရှိခဲ့ပါတယ်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းတွင် ယခင်ကလုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးများပြားခြင်း၊ ဥပဒေအရ နိုင်ငံခြားသားများသည် နိုင်ငံပိုင်မြေကို ငှားရမ်းလုပ်ကိုင်ခွင့် မရှိခြင်း စသည့် အခြေအနေများကြောင့် နိုင်ငံသားအမည်ခံ ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သုံးသပ်တွေ့ ရှိရပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် အထည်ချုပ်လုပ်ငန်းများအနက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံသားလုပ်သားများ မူလအခြေမပျက် ဆက်လက်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ကာ နိုင်ငံသားအမည်ခံ ရင်းနှီးမြှုပ်နှံမှုများအား နိုင်ငံခြားသားပိုင်မြှုပ်နှံမှုများအဖြစ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ ကို ၂၇-၂-၂၀၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ပြန်လည်တည့်မတ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယင်းအမိန့်ကြော်ငြာစာအရ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံသားအမည်ခံ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားများက

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းအဖြစ် လုပ်ငန်းပေါင်း(၂၅)ခုအား ပြောင်းလဲဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်း(၁)ခုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးဆဲဖြစ်ပါတယ်။ ၎င်းအမိန့်ကြော်ငြာစာအရ ပြောင်းလဲရမည့် အချိန်ကာလမှာ အမိန့်ထုတ်ပြန်ပြီး ရက်ပေါင်း(၉၀)အတွင်း ၂၇-၂-၂၀၁၂ နေ့မှ ၂၇-၅-၂၀၁၂ နေ့အပြီးဆောင်ရွက်ရမည် ဖြစ်သော်လည်း အချို့သော နိုင်ငံခြားသား လုပ်ငန်းရှင်များ လုပ်ထုံးလုပ်နည်းနှင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရန် အချိန်လိုအပ်ခြင်း၊ ထိုသို့ ပြောင်းလဲဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ ရပ်တန့်မှု ဖြစ်ပေါ်ပါက နိုင်ငံသားအလုပ်သမားများ ထိခိုက်နစ်နာဖွယ် ရှိခြင်းကြောင့် မူလအခြေမပျက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး ၃၀-၉-၂၀၁၂ နေ့အထိ တစ်လချင်းသက်တမ်းတိုး ဆောင်ရွက်ပေးခဲ့ပါတယ်။

ဤသို့ နည်းလမ်းတကျ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးပြီးဖြစ်သည့်အတွက် အထည်ချုပ်လုပ်ငန်းများ အပါအဝင် ကော်မရှင်က ဆောင်ရွက်ထားသည့်၊ ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး မမှန်မကန် ဆောင်ရွက်မှုများကို တွေ့ရှိပါက လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၄၃။

ဥက္ကဋ္ဌ။ ။ ယခု မေးမြန်းသွားတဲ့ မေးခွန်း(၂)ခုနဲ့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက်က အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၂၂ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်တယ်လို့ ဥက္ကဋ္ဌကသတ်မှတ်တဲ့အတွက် မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖော်ပြဖို့နဲ့ သတင်းစာတွေမှာလည်း ပြန်တမ်းကောက်နုတ်ချက်အဖြစ် ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ ဒီလို ထည့်သွင်းဖော်ပြတဲ့အခါမှာ လွှတ်တော်အတွင်းမှာ မေးသွားတဲ့ မေးခွန်း စကားလုံး လုံးကောက်အတိုင်း၊ ဖြေကြားသွားတဲ့ အဖြေစကားလုံး လုံးကောက်အတိုင်း ပြင်ဆင်ခွင့်မရှိဘဲ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကြိမ်ချောင်းနှင့် ရသေ့တောင်မြို့နယ်ရှိ သရက်ချောင်းတို့၌ အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၄၄။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကြိမ်ချောင်းနဲ့ ရသေ့တောင်မြို့နယ်ရှိ သရက်ချောင်းတို့၌ အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၄၄။

ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို ဂါရဝပြုရင်း နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းကတော့ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကြိမ်ချောင်းနဲ့ ရသေ့တောင်မြို့နယ်ရှိ သရက်ချောင်းတို့မှာ အသေးစား ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးနိုင်ပါမလား ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မိုးရေချိန်လက်မ (၂၀၀)ကျော် ရွာသွန်းတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ တောတောင်လျှိုမြောင်ပေါများတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတကာမှာ တန်ဖိုးကြီးမားတဲ့ အဲဒီမိုးရေချို အရင်းအမြစ်တွေဟာ ချောင်းမြောင်းတွေက တစ်ဆင့် ပင်လယ်ထဲကို အလဟဿ စီးဆင်းနေပါတယ်။ ဒါကြောင့် အဲဒါတွေကို စနစ်တကျ ထိန်းသိမ်းပြီး ရေအားလျှပ်စစ် နောက် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် အသုံးချ နိုင်မယ်ဆိုရင် ဒေသဖွံ့ဖြိုးရေးအတွက် အတော်အကျိုးရှိမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ယနေ့အထိ အောင်မြင်တိုးတက်နေတဲ့ အကြီးစားရေအားလျှပ်စစ်လုပ်ငန်း တစ်ခုမှမရှိသေးပါဘူး။ စိုင်းဒင်ရေအားလျှပ်စစ်ဆိုရင် လွတ်လပ်ရေးရပြီးစ လောပိတန့်အတူ မွေးဖွားလာခဲ့ပါတယ်။ ဒါပေမဲ့ လာမယ့် (၅)နှစ်အတွင်းမှာ ဓာတ်အားထုတ်လုပ်နိုင်မယ့် အခြေအနေ မရှိသေးပါဘူး။ လျှပ်စစ်ဓာတ်အား မရရှိတဲ့မြို့၊ လျှပ်စစ်ဓာတ်အား မထုတ်လုပ်နိုင်တဲ့မြို့တွေဟာ အခုခေတ်မှာ

ဘယ်လိုမှ မဖွံ့ဖြိုး၊ မတိုးတက်နိုင်ပါဘူး။ ဒါကြောင့် အကြီးစားရေအားလျှပ်စစ်မရှိတဲ့ မြို့တွေမှာ ယင်းအစား ဓာတ်အားအလွယ်တကူ ထုတ်လုပ်ပြီး လျင်မြန်စွာ ထုတ်လုပ်နိုင်တဲ့ စရိတ်သက်သာတဲ့ အသေးစားနဲ့ အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးဖို့ သင့်လျော်ပါတယ်။ ရခိုင်ပြည်နယ်မှာ (၁)နှစ်မှာ (၅)လ မိုးသည်းထန်ပါတယ်။ ကုန်ဆုံးသွားတဲ့ ရေပမာဏကို မြန်မြန်ဆန်ဆန်နဲ့ ပြန်လည်အစား သွင်းပေးနိုင်ပါတယ်။ မိုးကုန်ကာနီး လျှောင်ထားလိုက်လို့ရှိရင် တစ်နှစ်ပတ်လုံး ဓာတ်အား ထုတ်လုပ်နိုင်တာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြို့များရဲ့ သုံးပုံနှစ်ပုံဟာ မြို့အနီးအနားက တောင်ကျချောင်းတွေနဲ့ ကိုယ့်ဟာကိုယ် ရေအားလျှပ်စစ် ထုတ်လုပ်ပြီးတော့ ရပ်တည်နိုင်တဲ့မြို့တွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ ကျွန်တော်ဟာ ပြီးခဲ့တဲ့နှစ် (၈)လပိုင်း ၉ ရက်နေ့မှာ ရသေ့တောင်မြို့နဲ့ ဘူးသီးတောင်မြို့နယ် ဖွံ့ဖြိုးရေးအတွက် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းခဲ့ရာမှာ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်နှစ်ပတ်လုံးရေစီးဆင်းရှိ ချောင်းအနိမ့်အမြင့် ကွာခြားချက် ကောင်းမွန်တဲ့ အရင်းအမြစ်တွေ့ရှိပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အကြောင်းကြားပေးလျှင် လာရောက်တိုင်းတာနိုင်ပါကြောင်း ဖြေကြားပေးခဲ့တာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့နယ်ဟာ စက်မှုဇုန်စီမံကိန်းတည်ဆောက်ဖို့ လျာထားတဲ့ မြို့ ဖြစ်ပါတယ်။ ဒါပေမဲ့ လျှပ်စစ်နဲ့ရေချိုကို ဘယ်လိုရယူမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ခုထိ မရှိသေးပါဘူး။ ဒါကြောင့် မြို့မြောက်ဘက်မှာရှိတဲ့ ကြိမ်ချောင်းဟာ အဲဒီစက်မှုဇုန်အတွက် အလတ်စား ရေအားလျှပ်စစ်ထုတ်ပေးဖို့နဲ့ ရေချိုရယူနိုင်ဖို့အတွက် အကောင်းဆုံး ချောင်းတစ်ခု ဖြစ်ပါတယ်။ ယခင်ခေတ်တွေကလည်း ကြိုးစားခဲ့ဖူးတဲ့ မှတ်တမ်းဝင် လူသိများတဲ့နေရာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မြောက်ပိုင်းက ရသေ့တောင်မြို့ဟာ ရခိုင်ပြည်နယ်မှာ အဆင်းရဲဆုံး မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ပြည်ထောင်စုကားလမ်းနဲ့ချိတ်ဆက်လို့ ရှိမနေခြင်း၊ တစ်ဖက်နိုင်ငံနဲ့ ကပ်နေသော်လည်း ကုန်သွယ်လို့ မရနိုင်ခြင်းတို့ကြောင့် စစ်တွေမြို့နဲ့ မောင်တောမြို့ကြားမှာ သီးခြားမြို့တစ်မြို့အဖြစ် ဆင်းရဲနွမ်းပါးစွာ ကျန်ရစ်နေတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ရသေ့တောင်မြို့အနီးက သရက်ချောင်းမှာ အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်ပေးနိုင်ရင် အဲဒီဒေသ ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် တင်ပြသွားတဲ့ ချောင်း(၂)ချောင်းမှာ တမံပိတ်ရမည့် တောင်ကြားအကျယ်ဟာ ပေ(၄၀၀) ခန့်သာ ရှိတဲ့အတွက် အကုန်အကျအနည်းငယ်နဲ့ ဓာတ်အား ထုတ်လုပ်နိုင်တဲ့ အခြေအနေမျိုး ရှိပါတယ်။ မိုးရေချိန်လက်မ (၅၀၊ ၆၀၊ ၇၀၊ ၈၀) ရှိတဲ့ မြန်မာပြည် အနှံ့အပြားမှာ ရေအားလျှပ်စစ် ထုတ်ယူနိုင်တယ်ဆိုရင် မိုးရေချိန်လက်မ (၂၀၀)ကျော် ရွာသွန်းပြီး တောတောင်ထူထပ်တဲ့ မိုင်(၄၄၃)မိုင် ရှည်လျားတဲ့ ကျွန်တော်တို့ ရခိုင်ဒေသမှာ ဘာဖြစ်လို့ ထုတ်လို့ မရနိုင်သလဲဆိုတာ အဖြေရှာကြည့်ချင်လို့ ဒီမေးခွန်းကို မေးလိုက်ရတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၄၉။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၄၉။

ဦးမြင့်ဇော် (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် မှ တင်သွင်းတဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ပုဏ္ဏားကျွန်းမြို့နယ် ကြိမ်ချောင်းနဲ့ ရသေ့တောင်မြို့နယ်မှာရှိတဲ့ သရက်ချောင်းတို့၌ အသေးစား သို့မဟုတ် အလတ်စား ရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား မေးမြန်းခြင်းအား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရဲ့ ပဏာမစူးစမ်းလေ့လာချက်များအရ ရခိုင်ပြည်နယ်အတွင်းမှာ အသေးစား ရေအားလျှပ်စစ်အနေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မယ့် စက်တပ်ဆင်အင်အား (၁၀၀) ကီလိုဝပ်မှ (၁)မဂ္ဂါဝပ်အတွင်းရှိသည့် ရေအားအရင်းအမြစ်(၇)ခု စုစုပေါင်း ခန့်မှန်းစက်တပ်ဆင် အင်အား (၂) မဂ္ဂါဝပ်နှင့် စက်တပ်ဆင်အင်အား (၁) မဂ္ဂါဝပ်မှ (၂)မဂ္ဂါဝပ်အတွင်း

ရှိတဲ့ အသေးစားရေအား အရင်းအမြစ် (၁)ခု၊ စုစုပေါင်း ခန့်မှန်း စက်တပ်ဆင်အင်အား (၂) မဂ္ဂါဝပ်ရှိရာ ရခိုင်ပြည်နယ် တစ်ခုလုံးမှာ ဖြစ်မြောက်နိုင်စွမ်းရှိတဲ့ အသေးစား ရေအရင်းအမြစ် ပမာဏမှာ လေ့လာချက် များအရ စုစုပေါင်း စက်တပ်ဆင်အင်အား (၄)မဂ္ဂါဝပ်ခန့် ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်း တည်ဆောက် အကောင်အထည် ဖော်လျက်ရှိတဲ့ ရေအားလျှပ်စစ် စီမံကိန်းကြီးများမှာလည်း သူဌေးရေအားလျှပ်စစ်စီမံကိန်း စက်တပ်ဆင်အင်အား (၁၁၁)မဂ္ဂါဝပ် ဖြစ်ပြီး ဝန်ကြီးဌာနမှ ကိုယ်တိုင်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါတယ်။ စိုင်းဒင် (၇၆.၅)မဂ္ဂါဝပ်၊ လေးမြို့(၁) (၆၀၀) မဂ္ဂါဝပ်၊ လေးမြို့(၂) (၉၀)မဂ္ဂါဝပ် စီမံကိန်းများမှာလည်း JV/BOT စနစ်များဖြင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာ ဆောင်ရွက်ဆဲအဆင့် ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ တင်ပြပါဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းကြီး(၄)ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီး မေးခွန်းပါနေရာများသည် ဝန်ကြီးဌာနမှ လေ့လာထားသော ရေအား အရင်းအမြစ်နေရာများတွင် ပါဝင်ခြင်းမရှိဘဲ ဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာမှု ပြုလုပ်ထား ခြင်းလည်းမရှိကြောင်း တွေ့ရှိရပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)၊ အပိုဒ် ၄ (က)တွင်လည်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့် မရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဟူ၍ ပြဋ္ဌာန်းထားပါသဖြင့် ဖော်ပြပါ ကြိမ်ချောင်းနှင့် သရက်ချောင်းတို့၌ အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်စက်ရုံများအား ရခိုင်ပြည်နယ်အစိုးရ ရဲ့ စီမံခန့်ခွဲမှုဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါတယ်။

သို့ဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် ကြိမ်ချောင်းနှင့် ရသေ့တောင်မြို့နယ်ရှိ သရက်ချောင်းတို့၌ အသေးစား သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ရခိုင်ပြည်နယ် အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်

လိုအပ်သည့် ကျွမ်းကျင်ပညာရှင်နဲ့ နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးကူညီပေးသွားနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၅၃။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ (၂၅)ခုတင်ဆံ့ဆေးရုံသို့ ဆရာဝန်(၂)ဦး အင်အားဖြည့်ဆည်းချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးစိုးမြင့် က မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံသို့ ဆရာဝန်(၂)ဦး အင်အားဖြည့်ဆည်းချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၅၃။

ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနကို ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ (၁၆)ခုတင်ဆံ့ဆေးရုံမှ (၂၅)ခုတင်ဆံ့ဆေးရုံသို့ အဆင့်တိုးမြှင့်ပေးပါရန်နှင့် ငဖဲမြို့အတွက် လိုအပ်နေသော ဆရာဝန်(၂)ဦး စေလွှတ်ပေးနိုင်ရေး ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့အကြောင်းကတော့ ဒေသခံပြည်သူများရဲ့ ကျွန်တော်ခရီးသွားရောက်တဲ့အခါ မေးမြန်းချက်အရ ထပ်ဆင့်မေးမြန်းခြင်းဖြစ်ပါတယ်။

အကြောင်းကတော့ ကျွန်တော်တို့ မကွေးတိုင်း၊ ငဖဲမြို့နယ် (၁၆)ခုတင်ဆံ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့က ကျန်းမာရေးဦးစီးဌာနက ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ သို့သော် ဒီနေ့ ၂၀၀၉-၂၀၁၀၊ ၂၀၁၀-၂၀၁၁၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် (၃)နှစ်ကုန်တဲ့အထိ ဒီအဆင့်တိုးမြှင့်ရေးမှာ လိုအပ်တဲ့ လူနာဆောင်၊ လိုအပ်တဲ့ ကျွမ်းကျင်လုပ်သား၊ သူနာပြု ဆရာ/ဆရာမများ စသည်ကအစ ယခင် (၁၆)ခုတင်ဆံ့ရှိတဲ့ အင်အားမှလွဲပြီး ထပ်မံပြီးတော့ တိုးမြှင့်ပေးခြင်း မရှိသေးပါဘူး။ သို့အတွက် ခွင့်ပြုပြီးသား (၂၅)ခုတင်ဆေးရုံသို့ အဆင့်တိုးမြှင့်ပေးရန်အတွက် လိုအပ်သော လူနာဆောင်များ၊ ကျွမ်းကျင် ဆရာ/ဆရာမများ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ဒုတိယ ကျွန်တော်ဆက်မေးချင်တာက ယခု ငဖဲမြို့မှာ ဆရာဝန် (၂)ယောက်ရှိပါတယ်။ မြို့နယ်ဆရာဝန်နဲ့ လက်ထောက်ဆရာဝန်တစ်ယောက် ရှိပါတယ်။ ငဖဲမြို့ဟာ လူဦးရေ ငါးသောင်းကျော်လောက်ရှိတဲ့အခါကျတော့ One Percent ပဲ ထားဦး၊ တစ်နေ့မှာ လူနာ(၅၀၀)၊ (၆၀၀)လောက်ရှိတဲ့အခါကျတော့ ဒီဆရာဝန်နှစ်ယောက်နဲ့ လုံလောက်မှု မရှိပါဘူး။ မြို့နယ်ကျန်းမာရေးအရာရှိနဲ့ တခြားလက်ထောက်ဆရာဝန်တစ်ဦးများ ထပ်ပြီး ဆရာဝန်(၂)ဦး၊ ငဖဲမြို့အတွက် လိုအပ်လျက်ရှိပါတယ်။ ဒါကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ တိုးမြှင့်ခန့်ထားပေးနိုင်ရေး ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် မေးခွန်းကတော့ ဒီလောက်ပါပဲခင်ဗျ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရခိုင်ပြည်နယ်၊ အမ်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံကြီးတွင် ကလေးအထူးကုဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၅၆။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညိုထွန်း က ရခိုင်ပြည်နယ်၊ အမ်းမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံကြီးတွင် ကလေးအထူးကု ဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၅၆။

ဦးညိုထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသော မဲဆန္ဒရှင်များခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံကြီးတွင် ကလေးအထူးကုဆရာဝန်တစ်ဦး ခန့်ထားပေးပါရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးထားတာဟာ ကုန်ခဲ့တဲ့ ကြားမှာ လွှတ်တော် အစည်းအဝေးတစ်ကြိမ် ပြီးဆုံးပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်မေးခွန်းကို ပေါ်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့တော့ပါဘူး။ ဒါပေမဲ့ အခု ပေါ်လာတဲ့အတွက်ကြောင့် ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အမ်းမြို့နယ်ဟာ ရခိုင်ပြည်နယ်ရဲ့ အရှေ့ဘက်မှာ တည်ရှိပြီးတော့ကာ အရင် ကျွန်တော်တို့ ကျေးငှားအရွယ်တုန်းက ဆိုရင်တော့ကာ အလွန်တရာ သေးငယ်တဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ အဲဒီအခါတုန်းကဆိုရင် ကျွန်တော်တို့ မြို့ဟောင်းဆိုတဲ့နေရာမှာ တည်ရှိပြီးတော့ကာ ဆေးရုံဟာ ကျွန်တော်တို့ ဆေးရုံလို့ဆိုပေမယ့် အမ်းဒေသရဲ့ မြို့ထဲမှာ ရှိပြီး တော့ကာ ဝါးထရံ ကာပြီးတော့ကာ ဆောက်လုပ်ခဲ့တဲ့ ကျန်းမာရေးဌာနတစ်ခု ဖြစ်ပါတယ်။ ကုန်ခဲ့တဲ့ ကျွန်တော်တို့ ငယ်ငယ်တုန်းကပင် ဖြစ်ပါတယ်။ ဆိုတော့ အဲဒီအချိန်အခါတုန်းကဆိုရင် ကျွန်တော်တို့ မှတ်မိသလောက်ဆိုရင် ဒေါက်တာစိုးဘိုဆိုတာ ဆိုတဲ့ အမ်းကိုကျတဲ့ ဆရာဝန်တွေက လည်းပဲ အမ်းကို ကျရင်း၊ မရောက်ရင်း၊ အမ်းကို ကျရင်း၊ မရောက်ရင်း၊ အဲဒီ အချိန်အခါ တုန်းကတော့ ဒေါက်တာစိုးဘိုဆိုတာ ဆိုတဲ့ ဆရာဝန်ကြီးတစ်ယောက် ရောက်တယ်။ သူကတော့ ကာ အားတိုင်း၊ အားတိုင်း အိတ်တစ်လုံးကို ဆွဲပြီးတော့ကာ နယ်တွေကို လှည့်ပြီးတော့၊ သွားပြီး တော့ ဆေးသွားရောက်ကုသပါတယ်။ ဒါဟာ ပိုက်ဆံလိုလို့ ကုသတာ မဟုတ်ပါဘူး။ သူကိုယ်တိုင်က စေတနာထားပြီး ထွက်ပြီးတော့ကာ ကုသတယ်။ ကျွေးမွေးလို့ရှိရင် စားသောက်ခဲ့တာ ဖြစ်ပါ တယ်။

အခုတော့ ကျွန်တော်တို့ အမ်းမြို့ကို မြို့သစ်ကို ပြောင်းရွှေ့သွားတဲ့အခါမှာ ခုတင်(၁၀၀) ဆေးရုံကြီးလည်း ဖြစ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အရင့်အရင်ထက်စာရင် အမ်းမြို့ဟာ အလွန်တရာပဲ တိုးတက်တယ်လို့ ပြောရင်လည်း ရပါတယ်။ အဲဒီတော့ ကျွန်တော်

ဒီမေးခွန်းကို မေးရခြင်းဟာ ကျွန်တော့်ကို မိဘတွေက လာပြီးတော့ကာ ကလေးဆရာဝန်တစ်ဦးလောက် တောင်းပေးပါလားလို့ လာပြီးပြောကြတဲ့အတွက်ကြောင့် နင်တို့မှာ ဆရာဝန်တွေ ရှိပါတကားဟေ့၊ ဆရာဝန် ဘာလုပ်မလဲဆိုတော့ ကလေးမိဘတွေက ကိုယ့်ရဲ့သားသမီးတွေ အတွက် တိုးတက်လာတဲ့အခါမှာ သားသမီးကိုလည်းပဲ ကလေးကို ကလေးဆရာဝန်နဲ့ကုမှ ဒီလို ကျေနပ်တဲ့သဘော ရှိကြတဲ့အတွက်ကြောင့် ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမ်းမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံကြီးမှာ၊ ဒီမေးခွန်းကို ကျွန်တော် မေးတာဟာ လည်းပဲ ဟိုတစ်ကြိမ်ကပင် ဖြစ်ပါတယ်။ ကလေးအထူးကု ဆရာဝန်တစ်ဦး ခန့်ထားပေးပါရန် နှင့် ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၅၉။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၅၉။

ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ မေးခွန်း(၂)ခုကို ဆက်လက် ကျွန်တော် ဖြေဆိုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် မှ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံသို့ ဆရာဝန် (၂)ဦး အင်အားဖြည့်ဆည်းချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ငဖဲမြို့နယ် ပြည်သူ့ဆေးရုံမှာ လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်(၂)ဦးကို ကျွန်တော်တို့ လက်ထောက်ဆရာဝန်(သစ်လွင်) (၁၅၀၀)ခန့်ရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ(၁၅၀၀)ကို ဆေးရုံကြီးတွေမှာ ခန့်ထားပြီးတဲ့အခါမှာ ဆေးရုံကြီးတွေမှာ သင်တန်းလေ့ကျင့်ပြီးတဲ့ အတွေ့အကြုံ

ရှိတဲ့ ဆရာဝန်တွေထဲက နေပြီးတော့မှ ငဖဲမြို့နယ်ကို ကျွန်တော်တို့ ဦးစားပေးခန့်ထားသွားမည် ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည် ဖြေကြားတင်ပြအပ်ပါတယ်။

အဲဒီမေးခွန်းမှာ တစ်ဆက်တည်းပါရှိတဲ့ အဆောက်အဦကိစ္စပါ။ ဒါလည်း ကျွန်တော်တို့ မြို့နယ်တွေမှာ (၁၆)ခုတင်ကနေ (၂၅)ခုတင် တိုးလိုက်တဲ့အခါမှာ တချို့မြို့နယ်ဆေးရုံမှာ အဆောက်အဦက တိုးချဲ့ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ငဖဲမြို့နယ်အတွက်ကိုလည်း ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ ကျွန်တော်တို့ ရန်ပုံငွေ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တစ်ပါတည်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညိုထွန်း ကနေပြီးတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံကြီးမှာ ကလေးအထူးကုဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ အမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ ခုတင်(၁၀၀)ဖြစ်တဲ့အတွက် အထူးကု ဆရာဝန်(ကလေး) ရာထူးအင်အားလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမြန်ဆုံး ခန့်ထားပေးရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

အချိန်၊ ၁၁း၀၁။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော် အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

အချိန်၊ ၁၁း၀၁။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၁)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၁၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

အချိန်၊ ၁၁း၁၅။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။ [အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

အချိန်၊ ၁၁း၁၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၈)ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဟန့်တားဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၈-၁၀-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၆-၁၁-၂၀၁၂ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမမြောက်နေ့တွင် အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ဥတ္တဋ။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

ဤဥပဒေကို နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွဲပြောင်း ပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက် ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ဟု ခေါ်တွင်စေရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တိုင်းရင်းဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အချိန်၊ ၁၁း၁၇။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၃-၁၀-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၆-၁၁-၂၀၁၂ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမမြောက်နေ့မှာ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၃၊ ပုဒ်မ ၁၀(င)

တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများ၊ သုတေသနပြုရေးများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့်အကြံပြုချက်များ တင်ပြခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၃၊ ပုဒ်မ ၁၀(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၊ ပုဒ်မ ၁၀(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၄၊ ပုဒ်မ ၁၀(စ)

နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကို အသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆေးကုသခွင့်လိုင်စင် ထုတ်ပေးရန် ၎င်းတိုင်းရင်းရိုးရာ ဆေးပညာအတွက် လိုအပ်သောလက်မှတ်၊ ကုသမည့် ဆေးဆရာတို့၏ အရည်အချင်းတို့ကို တိုင်းရင်းဆေးပညာဦးစီးဌာနက စိစစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြု တင်ပြခြင်းနှင့် ထောက်ခံချက်ပေးခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၄၊ ပုဒ်မ ၁၀(စ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ ပုဒ်မ ၁၀(စ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် -

မည်သူမျှ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရရှိဘဲ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားခွင့်ရယူ၍ ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ ဆိုသည့်အချက်ကို ပယ်ဖျက်ခြင်း မပြုဘဲ မူလဥပဒေတွင် ပါရှိသည့်အတိုင်း ထားရှိရန် ပြည်သူ့လွှတ်တော်က အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

အချိန်၊ ၁၁း၂၅။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို ၁၇-၈-၂၀၁၂ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပါတယ်။

အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ၃၁-၈-၂၀၁၂ ရက်နေ့မှာ ဆွေးနွေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဆွေးနွေးချက်နဲ့စပ်လျဉ်း၍ အစီရင်ခံစာကို ပြန်လည်ပြုစုပြီး ကော်မတီရဲ့ ဆုံးဖြတ်ချက်အရ လိုအပ်သလို ဆောင်ရွက်ရန် ဥက္ကဋ္ဌက ညွှန်ကြားခဲ့

ပါတယ်။ ဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်အရ ကော်မတီက အစီရင်ခံစာပြုစု၍ လွှတ်တော်သို့ ပြန်လည်တင်ပြလာပါတယ်။

ဒါကြောင့် ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ရန် ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၂၆။

ဒေါ်နန်းနီနီအေး (ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ)။ ။ ချစ်ခင်လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီ၏ ဥက္ကဋ္ဌ လည်း ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော်သို့ အစီရင်ခံခဲ့ပြီး ဖြစ်ပါတယ်။ အစီရင်ခံစာကို ပိုမိုပြည့်စုံအောင် အကြံပြုဆွေးနွေးပေးခဲ့သော မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး အားကော်မတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါတယ်။ အကြံပြုဆွေးနွေးချက်များကို ကော်မတီမှ ပြန်လည်ညှိနှိုင်း ဆွေးနွေးအတည်ပြုချက်များ ရယူပြီး အစီရင်ခံစာအား ပြန်လည်တင်ပြပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ် တစ်ဦးချင်းသို့လည်း ဖြန့်ဝေထားပြီးဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်မှ သဘောတူ လက်ခံပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ရှင်။

အချိန်၊ ၁၁း၂၇။

ဥက္ကဋ္ဌ။ ။ အဆို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါ့မယ်။

အမျိုးသားလွှတ်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ခြေဘာသံများ)

အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

အချိန်၊ ၁၁း၂၇။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ၂၇-၇-၂၀၁၂ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပါတယ်။

အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက ၈-၈-၂၀၁၂ ရက်နေ့မှာ ဆွေးနွေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နဲ့ စပ်လျဉ်းပြီး အစီရင်ခံစာကို ပြန်လည်ပြုစုပြီး ကော်မတီရဲ့ ဆုံးဖြတ်ချက်အရ လိုအပ်သလို ဆောင်ရွက်ရန် ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါတယ်။ ဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်အရ ကော်မတီက အစီရင်ခံစာပြုစု၍ လွှတ်တော်သို့ ပြန်လည်တင်ပြလာပါတယ်။

ဒါကြောင့် ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ယခု ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၂၈။

ဦးတင်မောင်ဝင်း (အဖွဲ့ဝင်၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ)။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည်တော်များအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ယခုကျွန်တော် တင်သွင်းမှာကတော့ အမျိုးသားလွှတ်တော်၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီရဲ့ အမျိုးသားလွှတ်တော်သို့ တင်သွင်းထားတဲ့ အစီရင်ခံစာကို သဘောတူလက်ခံပေးပါရန် တင်ပြမှာဖြစ်ပါတယ်။

ယခုတင်ပြတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်အတွင်းမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြပြီးတဲ့နောက် အဓိကအကြံပြုချက် (၂၁)ချက် ကိုလည်း ရရှိပြန်လည်ပြုစုပြီးတော့ ဥက္ကဋ္ဌကြီး ထံ တင်ပြထားခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ ကော်မတီရဲ့ အစီရင်ခံစာပါ အကြံပြုချက်များကို နိုင်ငံတော်ရဲ့ ရင်ဌေပိုင်းမှာ တိုးတက်ပြောင်းလဲမှုရှိရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရမယ့်၊ ဖော်ဆောင်သင့်သည်များလည်း ရှိလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တင်သွင်းထားတဲ့ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က လက်ခံပေးပါရန်နှင့် အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၃၀။

ဥက္ကဋ္ဌ။ ။ အဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။

ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ လူငယ်ဗဟိုပြု အခြေခံပညာ အထက်တန်းကျောင်းများတွင် ဒီမိုကရေစီကျင့်စဉ်များ လေ့ကျင့်ပျိုးထောင်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

အချိန်၊ ၁၁း၃၀။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် က လူငယ်ဗဟိုပြု အခြေခံပညာအထက်တန်းကျောင်းများတွင် ဒီမိုကရေစီကျင့်စဉ်များ လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးစောထွန်းမြအောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၃၁။

ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ အဆိုကို မတင်သွင်းမီ အဆိုတင်သွင်းရတဲ့ သမိုင်းကြောင်းနောက်ခံလေးကို ကျွန်တော်တင်ပြပါရစေ။

ကျွန်တော်ကတော့ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်မှာ မွေးဖွားလာပြီး အခြေခံပညာ အမှတ်(၁)မှာ ပညာသင်ခဲ့ဖူးပါတယ်။ အဲဒီတော့ အခြေခံပညာအထက်တန်း ကျောင်းရယ်လို့ မပေါ်မီမှာ ကျွန်တော်တို့ ၁၉၀၆ ခုနှစ်ကနေပြီးမှ ၁၉၂၁ ခုနှစ်အထိ King Edward School ဟူ၍လည်းကောင်း၊ ၁၉၂၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ National High School ဟူ၍ လည်းကောင်း၊ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ Aided High School ဟူ၍လည်းကောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ အစိုးရအထက်တန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၉၆၇ ခုနှစ်မှ

ယနေ့အထိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ပါတယ်။ အဲဒီမတိုင်မီတွေမှာ ကျွန်တော်တို့ ၁၉၅၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ကျောင်းအုပ်တာဝန်ယူထားခဲ့တဲ့ ဦးတင်မောင် B.A(Ed)၊ B,Ed ဟာဆိုလို့ရှိရင် ကျွန်တော်တို့ အမှတ်(၁) အထက်တန်းကျောင်းကြီးကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကျောင်းသားများကို စနစ်တကျပြုစု ပျိုးထောင်ပေးခဲ့ပါတယ်။

အဲဒီအချိန်က ၁၉၂၀ မှာ ကျွန်တော်တို့ National High School လက်ထက်တုန်းက ကျွန်တော်တို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထိန်ဝင်း ဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ BOY SCOUT ဆိုတာ ကင်းထောက်လူငယ်အဖွဲ့ကို ဖွဲ့စည်းပြီး ကျွန်တော်တို့ ဂျပန်တော်လှန်ရေး၊ နောက်တစ်ခါ အင်္ဂလိပ်တော်လှန်ရေးအထိပါ ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆရာကြီးဦးတင်မောင် အနေနဲ့ဟာဆိုရင် ကျောင်းအုပ်ကြီး စဖြစ်လာခဲ့ပြီးတဲ့ အချိန်က စပြီးတော့ BOY SCOUT ကို စနစ်တကျ ဒါ ပြုစုပျိုးထောင်ပြီးတော့ BOY SCOUT ဟာ ဆိုလို့ရှိရင် လူတိုင်းကို အကူအညီပေးတဲ့ အသင်းတစ်သင်းအဖြစ်နဲ့ ကျွန်တော်တို့ ရပ်တည်ခဲ့တယ်။

ထို့အတူပဲ အဲဒီလိုတည်ဆောက်သလိုပဲ တစ်ဖက်က စာသင်ကျောင်းဟာဆိုရင် အနော်ရထာအသင်း၊ ကျန်စစ်သားအသင်း၊ ဦးအောင်ဇေယျအသင်း၊ မဟာဗန္ဓုလအသင်း ဆိုတဲ့ အသင်း(၄)သင်းဖွဲ့တယ်၊ (၄)သင်းဖွဲ့ပြီးတော့ ဒီ(၄)သင်းမှာပါတဲ့ ကျောင်းသူ/ကျောင်းသားတွေကို မိမိအသင်းအလိုက် နံပါတ်(၁) ပညာရေးထူးချွန်မှု၊ နံပါတ်(၂) အားကစားထူးချွန်မှု၊ နံပါတ်(၃) စာရိတ္တကောင်းမွန်မှု၊ နံပါတ်(၄)က လူမှုဝန်ထမ်းလုပ်ဆောင်မှု အပေါ်မူတည်ပြီးတော့ နွေရာသီ ကျောင်းမပိတ်ခင်မှာ ဒီ ဘောလုံးပွဲတွေ၊ ပြေးခုန်ပစ်တွေ ကျင်းပပြီးတော့ ကျောင်းမပိတ်ခင်မှာ ကျွန်တော်တို့ ပထမဆုရရှိတဲ့ ကျောင်းသားကိုကျတော့၊ အသင်းကိုဆိုရင် ပထမအသင်း ဆိုပြီးတော့ ကျွန်တော် တို့သတ်မှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီပွဲမှာ အလံ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနဲ့ အလံစင်အလိုက် ကျွန်တော်တို့ အားကစားရေးရာမှာ ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူပဲ နိုင်ငံတော်အနေနဲ့ဆိုရင် စာသင်ကျောင်းမှာဆိုလို့ရှိရင် နံနက်ကျောင်းခေါင်းလောင်းထိုးပြီးတာနဲ့ ဒါ နိုင်ငံတော်အလံ အလေးပြုတယ်။ ပြီးလို့ရှိရင် အသင်းအလိုက်အလံကို အလေးပြုပြီးတော့ အမျိုးသားသီချင်းကို သံပြိုင်သီဆိုပြီးမှ ဒါ ကျွန်တော်တို့ ကျောင်းတန်းဖြုတ်ပါတယ်။ အဲဒီတော့ ဆရာကြီးဦးတင်မောင် လက်ထက်မှာက

ပါလီမန်ဒီမိုကရေစီခေတ် ဖြစ်တဲ့အတွက်ကြောင့် ကျောင်းသားများကို လေ့ကျင့် ပျိုးထောင်ရာမှာ ကျောင်းကောင်စီအလိုက် သူတို့ ကျောင်းကောင်စီ ဖွဲ့ထားပါတယ်။ ဘယ်လို ကောင်စီဖွဲ့ထား လည်းဆိုလို့ရှိရင် ဥက္ကဋ္ဌက ကျောင်းအုပ်ကြီး၊ အတွင်းရေးမှူးက ကျောင်းသားကိုယ်စားလှယ် တစ်ဦး၊ အဖွဲ့ဝင်က အထက်တန်းပြဆရာနှစ်ဦး၊ အဖွဲ့ဝင်က အလယ်တန်းပြဆရာနှစ်ဦး၊ အဲဒီ အလယ်တန်းပြဆရာကိုတော့ ကျွန်တော်တို့ ကျောင်းအုပ်ကြီးက ရွေးချယ်ပါတယ်။ နောက်တစ်ခါ အဖွဲ့ဝင် မူလတန်းပြ ဆရာနှစ်ဦး၊ နောက်တစ်ခါ အဖွဲ့ဝင် ကျောင်းသားကိုယ်စားလှယ်နှစ်ဦး ပေါင်း(၉)ဦးနဲ့ ဖွဲ့စည်းထားတယ်။

အဲဒီတော့ အဲဒီကျောင်းသားကိုယ်စားလှယ်ဟာ၊ ကျောင်းကောင်စီဟာ ဘယ်လို သူရဲ့ လုပ်ငန်းတွေဟာ ရွေးချယ်တဲ့ ရွေးစဉ်က ကျောင်းသားကိုယ်စားလှယ်များသည် အထက်တန်း ကျောင်းဖြစ်သည့် (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းကို မည်သူမဆို ကျောင်းကောင်စီမှာ ဝင်ပြိုင်ခွင့် ရှိတယ်။ မဲပေးခွင့်ကတော့ (၅)တန်း၊ (၆)တန်း၊ (၇)တန်း၊ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်း အထက်တန်း အားလုံးကို ကျွန်တော်တို့ မဲပေးခွင့်ရှိတယ်။ ကျောင်းသားကိုယ်စားလှယ် ရွေးချယ်ရာမှာ မိမိတို့ သက်ဆိုင်ရာ အတန်းအလိုက် အဆိုပြုကြွေးကြော်တဲ့ ထောက်ခံသူတစ်ဦး ရွေးချယ်ပြီး ၎င်းစာရင်းကို ရွေးချယ်မည့်သူအား ကျောင်းအုပ်ဆရာကြီးထံ ကျွန်တော်တို့ အမည်စာရင်း ပေးပို့ရတယ်။ ကျောင်းအုပ်ဆရာကြီးက ရွေးချယ်ခံမည့် လူစာရင်းပြီးပါက ဝင်ရောက်ယှဉ်ပြိုင်မည့် (၈)တန်း၊ (၉)တန်း၊ ကျောင်းသားများကို ကိုယ်စားလှယ်များ ထုတ်ပြန်ကြေညာတယ်။ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းအတွင်း လွတ်လပ်စွာ စည်းရုံးမဲဆွယ် ဟောပြောခွင့်၊ ပို့ချခွင့်ရှိတယ်။

ရွေးချယ်ပွဲ မကျင်းပမီ တစ်ရက်အလိုမှာ ကျောင်းသားအားကစားရုံမှာ ကျောင်းအုပ်ကြီး နှင့်တကွ ဆရာ/ဆရာမ တစ်ကျောင်းလုံးရှိ ကျောင်းသားများကို စုဝေးပြီး ရွေးချယ်ခံမည့် ကျောင်းသား ကိုယ်စားလှယ်တစ်ဦးဟာ အလှည့်ကျတစ်ဦးစီ မိမိတို့ မဲထည့်ရန် ဟောပြောမဲဆွယ်ခွင့်ရှိတယ်။ မဲပေးသည့် နေ့တွင် မိမိအတန်းအလိုက် သတ်မှတ်ထားတဲ့ ကျောင်းအတွင်းရှိ မဲရုံမှာ မဲလက်မှတ် ထုတ်ယူပြီး (၈)တန်းမှ ကိုယ်စားလှယ်တစ်ဦး၊ (၉)တန်းမှ ကိုယ်စားလှယ်တစ်ဦး၊ (၁၀)တန်းမှ ကိုယ်စားလှယ်တစ်ဦးကို မိမိတို့ ကြိုက်နှစ်သက်သူတစ်ဦးကို အမှန်ခြစ်၍ မဲပုံးအတွင်း လျှို့ဝှက်စွာ မဲပေးရတယ်။ မဲပေးသူများ ပြီးဆုံးပါက ကျောင်းအုပ်ဆရာကြီး၊ ကျောင်းဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ ကိုယ်စားလှယ်များ ရှေ့မှောက်မှာ မဲရေတွက်၍ မဲအနည်းအများ

ဖော်ပြပြီး အနိုင်ရရှိသူ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းကို ကိုယ်စားလှယ်တစ်ဦးစီ အမည်စာရင်း ကြေညာပေးတယ်။

အဲဒီတော့ ကျောင်းကောင်စီများ ပထမအကြိမ် အစည်းအဝေးမှာ ကျောင်းသား ကိုယ်စားလှယ် (၃)ဦးထဲမှ (၁)ဦးကို ကျောင်းကောင်စီ၊ အတွင်းရေးမှူး ခန့်တယ်။ ကျန်(၂)ဦးကို (၂)ဦးထဲကမှ (၁)ဦးကို အဆိုတင်သွင်းပြီး(၁)က ထောက်ခံတယ်။ ကျောင်းကောင်စီရှေ့မှာ ကျွန်တော်တို့ ပွင့်လင်းစွာ ရွေးချယ်နိုင်ပါတယ်။ ကျောင်းကောင်စီရဲ့ အဓိက ဆရာကြီးလုပ်ခဲ့တာက ဒီမိုကရေစီကျင့်စဉ်ကို ဆောင်ရွက်တဲ့နေရာမှာ အများအကျိုးအတွက် အနစ်နာခံလိုစိတ်၊ ကျောင်းသူ/ကျောင်းသားများရဲ့ လိုအပ်ချက်ကို တင်ပြဆောင်ရွက်လိုစိတ်၊ ကျောင်းတွင်းရှိ တာဝန်များကို မျှတစွာ ထမ်းဆောင်လိုစိတ် ပွားများစေရန် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒါဟာ နောင်တစ်ချိန် လူကြီးဖြစ်တဲ့အခါမှာ အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန် ဆရာကြီးဦးတင်မောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဆရာကြီးအနေနဲ့ကဆိုလို့ရှိရင် ကျွန်တော်တို့ ညောင်လေးပင်အစိုးရ အထက်တန်းကျောင်းမှာ ၁၉၅၈ မှ ၁၉၆၇ ခုနှစ်အထိ ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း၊ မွန်ပြည်နယ် ပညာရေးမှူး၊ နောက်တစ်ခါ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ဒုတိယ ကျောင်းအုပ်ကြီး၊ နောက်ပဲခူးတိုင်းပညာရေးမှူးအဖြစ်နဲ့ ကျွန်တော်တို့ ဒီခုနလိုပေါ့ နောက်ဆုံး ထမ်းဆောင်ခဲ့ပြီးတော့ Car Accident ဖြစ်ပြီးတော့ သေဆုံးသွားခဲ့ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တင်ပြရရင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကျင့်စဉ်ကို ပြုစုပျိုးထောင်ခဲ့သော တိုင်းပညာရေးမှူး ဆရာကြီးဦးတင်မောင် အား ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ယနေ့ခေတ် လူငယ်များဟာ အမျိုးသားနိုင်ငံရေးစိတ်ဓာတ် (၀၊) ပြည်ထောင်စု စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အမြစ်တွယ်ရှင်သန်ရေးအတွက်လည်းကောင်း၊ နောင်တစ်ခေတ် အမျိုးသားစီးပွားရေးဖော်ဆောင်ရာမှာ ဒီမိုကရေစီအသွင်ဖြင့် စနစ်တကျ ဖော်ဆောင်နိုင်ရေး အတွက်လည်းကောင်း ရည်ရွယ်ပြီး ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ လူငယ်ဗဟိုပြု အခြေခံပြီးတော့ အခြေခံပညာရေးအထက်တန်းကျောင်းတွင် ဒီမိုကရေစီကျင့်စဉ်များ ပြုစု ပျိုးထောင်ပေးရေးအဆိုအား တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၃၈။

ဥက္ကဋ္ဌ။ ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၃၈။

ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် တင်သွင်းသော အဆိုအား ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် မန်းကံညွန့် မှ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၁း၃၉။

ဥက္ကဋ္ဌ။ ။ ဦးစောထွန်းမြအောင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ လူငယ်ဗဟိုပြု အခြေခံပညာအထက်တန်းကျောင်း များတွင် ဒီမိုကရေစီကျင့်စဉ်များ လေ့ကျင့်ပျိုးထောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါ သလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစောထွန်းမြအောင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၄၀။

ဥက္ကဋ္ဌ။ ။ ဦးစောထွန်းမြအောင် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) (အတွင်းရေးမှူး၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ)၏ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေး သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း

အချိန်၊ ၁၁း၄၀။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ (အတွင်းရေးမှူး၊ သတ္တုနဲ့ သယံဇာတရေးရာကော်မတီ) က အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှုများအား ဖြေလျော့ ပေးခဲ့ရာတွင် ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာ ထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝဖြေလျော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန်နှင့် စပ်လျဉ်းတဲ့အဆိုကို တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးလှဆွေ အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၄၁။

ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမဂ်လာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၂)မှ ဦးလှဆွေ ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော်မှ ဖွဲ့စည်းထားတဲ့ သတ္တုနဲ့ သယံဇာတရေးရာကော်မတီရဲ့ အတွင်းရေးမှူး လည်း ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းလိုတဲ့ အဆိုကတော့ အမေရိကန်

ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝဖြေလျှော့ပေးရန် အမေရိကန်အစိုးရသို့ တောင်းဆိုသွားပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း ဟူ၍ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ - အမေရိကန် နှစ်နိုင်ငံဟာ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်ကစပြီး သံတမန်ဆက်ဆံခဲ့ပြီးတော့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတွေ ဘက်စုံပူးပေါင်း ဆောင်ရွက်ခဲ့ကြပါတယ်။ သာဓကအားဖြင့် မြန်မာ့လေတပ်မတော်က Bell 205 လေယာဉ်ပျံတွေ၊ T-33 Fighter Trainer ဂျက်တိုက်လေယာဉ်တွေ၊ တင့်ကားဖျက်၊ ဘန်ကာဖျက်၊ ၇၅ မမ နောက်ပွင့် ရိုင်ဖယ်ကြီးတွေ၊ ကာဘိုင်ချေမှုန်းရေး ရိုင်ဖယ်တွေဟာ အမေရိကန်ပြည်ထောင်စုရဲ့ ထောက်ပံ့မှုကြောင့် မြန်မာနိုင်ငံကို ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်စဉ်က အမြောက်ကျည်ဆံသေတ္တာပေါ်မှာ အမေရိကန်အလံနဲ့ လက်ဆွဲနှုတ်ဆက်နေတဲ့ တံဆိပ်တွေကို ကျွန်တော်မြင်ခဲ့ဖူးပါတယ်။ ဒါ့အပြင် မြန်မာ့တပ်မတော် အရာရှိများကိုလည်း အမေရိကန် ပြည်ထောင်စုမှာ သင်တန်းများ ခေါ်ယူလေ့ကျင့်ပေးခဲ့ဖူးတာ အထင်အရှား တွေ့နိုင်မှာဖြစ်ပါတယ်။

အခုချိန်မှာတော့ စစ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့မှု မပေးရင်နေနိုင်ပါ သော်လည်း မိမိနိုင်ငံက ထွက်တဲ့ ကျောက်စိမ်း၊ ကျောက်မျက်များကိုတော့ တင်ပို့ရောင်းချခွင့် ပြုပေးသင့်ပြီလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းကို အစိုးရက တူးဖော်ဆောင်ရွက်နေခြင်း မဟုတ်ဘဲနဲ့ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင် ငယ်၊ လတ်၊ ကြီး တို့က လက်လုပ်လက်စား၊ နေ့စား စသည်ဖြင့် စုပေါင်းလုပ်ကိုင်နေကြပြီး နိုင်ငံတော်အစိုးရ ကတော့ အခွန်အခလောက်သာ ကောက်ယူရရှိနေတာ ဖြစ်ပါတယ်။ ဒီပိတ်ဆို့မှုဟာ အစိုးရကို သိသာထင်ရှားစွာ မထိခိုက်သော်လည်းဘဲ လူဦးရေသန်းကျော်ရှိတဲ့ ကျောက်စိမ်း၊ ကျောက်မျက် ထုတ်လုပ်နေတဲ့ တိုင်းရင်းသားများကိုသာ အကျိုးမဲ့စေတာ ဖြစ်ပါတယ်။ ဒီလိုပိတ်ဆို့မှုကြောင့် အမေရိကန်ကို မြန်မာ့ကျောက်မျက်တွေ မရောက်တော့ဘူးလားဆိုတော့လည်း မှောင်ခိုလမ်းကြောင်း ကနေတစ်ဆင့် ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။

သို့သော် မြန်မာပြည်သူများလက်က ပွဲစားနိုင်ငံများက ဝယ်ယူပြီးတော့ Origin Country ကို အခြားတိုင်းပြည် အမည်တပ်ပြီး အမေရိကန်ကို ရောင်းချပေးခြင်းကြောင့် ပွဲစားနိုင်ငံ

များပဲ ချမ်းသာလာကြပါတယ်။ အာရှဒေသအတွင်းမှာ မြန်မာ့ကျောက်မျက်ကို အမှီသဟဲပြုပြီး ကြွယ်ဝချမ်းသာလာကြတဲ့ နိုင်ငံတွေဟာ ဘယ်နိုင်ငံတွေလဲဆိုတာ အလွယ်တကူ မြင်တွေ့နိုင်ပါတယ်။ ဒီ Sanction ကို ဖြေလျော့ပေးမယ်ဆိုရင် မိမိတို့နိုင်ငံမှ တိုက်ရိုက် ရောင်းချနိုင်တဲ့အတွက် ပွဲစားကိုပေးရမယ့် စျေးနှိမ်ဝယ်တဲ့ ပြဿနာတွေ ကင်းလွတ်ပြီးတော့ End-User ထံ တိုက်ရိုက်ရောင်းချနိုင်မှာဖြစ်လို့ သန်းကျော်အရေအတွက်ရှိတဲ့ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူ တိုင်ရင်းသားလုပ်သားတွေဟာ စီးပွားရေး အခွင့်အလမ်းများ တိုးတက်ရရှိပြီးတော့ နိုင်ငံတိုးတက် ကြွယ်ဝမှုအတွက်များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

အထူးသဖြင့် တိုင်းနဲ့ပြည်နယ်(၁၄)ခုမှာ ရန်ကုန်တိုင်းမှာသာ ဘာကျောက်စိမ်း၊ ကျောက်မျက်မှ မထွက်ဘဲနဲ့ တိုင်ရင်းသားတွေနေထိုင်တဲ့ ပြည်နယ်နဲ့ တိုင်းတွေမှာတော့ သတ္တုတွေ၊ ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာတွေ မျိုးစုံထွက်ရှိနေတာ အထင်အရှား တွေ့နိုင်ပါတယ်။ ဒါကြောင့် ဒီလိုပိတ်ဆို့မှုဟာ တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားပိတ်ပင်ရာရောက်ပြီး ကျောက်မျက်စျေး မရတဲ့အတွက်ကြောင့် တိုင်းရင်းသားဒေသတွေမှာ ဘိန်းနဲ့ အခြားမှောင်ခို စီးပွားရေး၊ လက်နက်ကိုင် မတည်ငြိမ်မှုများကို အားပေးအားမြှောက်ပြုရာလည်း ရောက်နေပါတယ်။ ၁၉-၁၁-၂၀၁၂ မြန်မာ - အမေရိကန် သမ္မတကြီးနှစ်ဦး တွေ့ဆုံရာမှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရာမှာ စီးပွားရေးပြောင်းလဲရေးသည် အရေးကြီးပါကြောင်း အမေရိကန်သမ္မတ Mr. Obama က ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒီလိုပြောဆိုခဲ့သော်လည်းပဲ ကျောက်စိမ်း၊ ကျောက်မျက်ကို ဆက်လက်ပိတ်ပင်ထားခြင်းဟာ ရှေ့/နောက်စကား မညီရာ ရောက်ပါတယ်။ ဒါ့အပြင် Mr. Obama ရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ရည်ရွယ်ချက်ထဲမှာ စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိစေရေး သေချာစေရန်ဆိုပြီး ပါဝင်တာ တွေ့ရသော်လည်း တစ်ဖက်က Sanction ကို အပြည့်အဝ မရုပ်သိမ်းတာဟာ သင့်လျော်မျှတမှု မရှိဘူးလို့ ထင်မြင် ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်မှာ Crony အချို့ဟာ မြန်မာနိုင်ငံ ကျောက်စိမ်း၊ ကျောက်မျက်အသင်းမှာ တာဝန်ရှိသူများအဖြစ် ဆက်လက်တာဝန်ယူနေခြင်းဟာလည်း အမေရိကန်အစိုးရက Sanction လုပ်ပြီး ပိတ်ပင်ထားတဲ့လူစာရင်းမှာ ပါဝင်တဲ့သူတွေ ဖြစ်နေတဲ့အတွက် ၎င်းတို့ရှိနေလို့၊ ၎င်းတို့ကျောက်စိမ်း၊ ကျောက်မျက်အသင်းမှာ တာဝန်ယူ

နေလို့ အမေရိကန်အစိုးရက မျက်စိဆံပင်မွှေးစူးပြီး ဒီကျောက်စိမ်း၊ ကျောက်မျက် Sanction ကို ရုပ်သိမ်းမပေးတာလို့လည်း တစ်နည်းအားဖြင့် ယူဆနိုင်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံကျောက်မျက်အသင်းမှာ တာဝန်ယူနေကြတဲ့ Crony အချို့ကိုလည်း ၎င်းတာဝန်များ ထမ်းဆောင်နေခြင်းဖြင့် ဒေသခံတိုင်းရင်းသားများရဲ့ အလုပ်အကိုင်များ ဆုံးရှုံးစေတဲ့အတွက် မိမိတို့တာဝန်ယူထားတဲ့ ရာထူးတွေကနေ လွှဲပြောင်းပေးသွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။ တစ်ဆက်တည်း တင်ပြလိုတာကတော့ မြန်မာအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူများဖြစ်တဲ့ ကေအိုင်အေအဖွဲ့က ကျောက်စိမ်းလုပ်ကွက်တွေကို ဆက်ကြေးကောက်ရာမှာ မူးယစ်ဆေးဝါး ထုတ်လုပ်တယ်လို့ နာမည်ကြီးနေတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုက ကျောထောက်နောက်ခံပေးထားတဲ့ ကုမ္ပဏီအချို့ဟာ အဖွဲ့အစည်းအချင်းချင်း ဆိုပြီး ကေအိုင်အေကို ဆက်ကြေးပေးရန် မလိုဘူးလို့ သိရပါတယ်။

မူးယစ်ဆေးဝါးက ရရှိတဲ့ငွေကြေးကို ခဝါချရာမှာ ကျောက်စိမ်း၊ ကျောက်မျက်ကရတယ်လို့ စာရင်းပြရင် ငွေမဲ ဟာ ငွေဖြူ ဖြစ်ဖို့ အလွယ်ကူဆုံး နည်းလမ်းဖြစ်တယ်လို့လည်း ကျွန်တော် သတ္တုနဲ့ သယံဇာတကော်မတီ၊ အတွင်းရေးမှူး တစ်ယောက်အနေနဲ့ လေ့လာတွေ့ရှိထားပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါး နာမည်ပျက်ရှိတဲ့ အဖွဲ့အစည်း ကျောထောက်နောက်ခံ ကုမ္ပဏီများကိုလည်း လုပ်ကွက်ချပေးရာမှာ ပြန်လည်သုံးသပ်ဖို့ လိုအပ်တယ်လို့ ထင်မြင်ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်စိမ်းလုပ်ငန်းများမှာ သပ္ပတ်အူ ရှုပ်သလို ပတ်သက်မှုအကြီးအကျယ် ရှိနေသော်လည်း ပတ္တမြားလောကမှာတော့ မိုးကုတ်နဲ့ မိုင်းရှုံးလုပ်ကွက်များမှာ မိုးကုတ်ဒေသဟာ သိသာစွာ စီးပွားရေးကျဆင်းနေကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ တစ်ချိန်က မြန်မာဘုရင်များလက်ထက်က မိုးကုတ်ဆိုတာ အလွန်ကြီးကျယ်ခမ်းနားတဲ့ ပတ္တမြားတွင်းကြီးများနဲ့ ကမ္ဘာကျော်တဲ့ ပြည်တန်ပတ္တမြားငမောက် ထွက်ရှိရာဒေသ ဖြစ်ခဲ့သော်လည်း ယခုအခါမှာ မိုးကုတ်မြို့ရဲ့ တိုင်းရင်းသားပြည်သူ ကချင်၊ ရှမ်း၊ လီရှော၊ ပလောင်၊ ဂေါ်ရခါးစတဲ့ ပြည်သူအများစုဟာ တစ်နေ့စာ တစ်နေ့ ရှာစားနေရတဲ့ဘဝကို အဆင့်အတန်းနိမ့်နိမ့် ဖြတ်သန်းနေကြရလျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် ယခင်အစိုးရလက်ထက် လူကြီးများရဲ့ သား/သမီး၊ တူ/တူမများ အမည်ခံ ပြီးတော့ လုပ်ကွက်များကို Crony များက အကွက်ဝယ်ယူ ဦးဆောင်ကူညီလုပ်ကိုင်ပေးနေမှုဟာ ယနေ့ ကျောက်မျက်လောကမှာ (၆၀)ရာခိုင်နှုန်းခန့် ရှိတယ်လို့လည်း စုံစမ်းသိရှိရပါတယ်။ ဒါတွေကို မိမိဘက်က လက်ရှိ ဒီမိုကရေစီအစိုးရက ဆင်ခြင်လိုက်မယ်ဆိုရင် အမေရိကန် မျက်စိ ဆံပင်မွှေးစူးနေတဲ့ လုပ်ရပ်များကို ကိုယ်ကလည်းဆင်ခြင်မယ်၊ သူ့ကိုလည်း တိုက်တွန်းမယ်ဆိုရင် အမေရိကန်ရဲ့ နောက်ဆုံးကျန်တဲ့ Sanction ဟာ လျော့ပါးသွားနိုင်ပြီးတော့ ဒေသခံလက်လုပ် လက်စား တိုင်းရင်းသားပြည်သူများရဲ့ အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုလျော့ချရေး၊ သမ္မတကြီး ဦးသိန်းစိန် လမ်းညွှန်တဲ့ Quick Win လို့ခေါ်တဲ့ လျင်မြန်တဲ့ အကျိုးအမြတ်ရရှိရေး၊ Mr. Obama ပြောတဲ့ စီးပွားရေး အခွင့်အလမ်းများ သေချာစေရေးဆိုတဲ့ ရည်မှန်းချက်တွေနဲ့ ပြည့်စုံညီညွတ် သွားမှာဖြစ်ပြီး Sanction အားလုံး ကင်းလွတ်သော လုံးဝပိတ်ပင်မှုမရှိတဲ့ ကမ္ဘာကြီးပေါ်က လွတ်လပ်တဲ့ အုပ်ချုပ်မှုစနစ်၊ လွတ်လပ်တဲ့ စီးပွားရေးစနစ်များရဲ့အကျိုးကို လက်တွေ့ခံစား ရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ခန့်ညားထယ်ဝါစွာ ရပ်တည်ခွင့် ရရှိသွားမှာ ဖြစ်ကြောင်းနှင့် ကျွန်တော် အမျိုးသားလွှတ်တော်၊ သတ္တုနှင့် သယံဇာတ ရေးရာကော်မတီ အတွင်းရေးမှူး ဦးလှဆွေ မှ အထက်ပါအဆိုကို ကျောက်မျက်ထွက်ရှိရာ တိုင်းရင်းသား ပြည်သူများ ကိုယ်စား တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၁း၄၉။

ဥက္ကဋ္ဌ။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၄၉။

ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ (အတွင်းရေးမှူး၊ သတ္တုနဲ့ သယံဇာတ ရေးရာကော်မတီ) မှ တင်သွင်းတဲ့ အဆိုကို ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း မှ လေးလေးနက်နက် ထောက်ခံတင်ပြအပ် ပါတယ်ခင်ဗျား။

အချိန်၊ ၁၁း၅၀။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးလှဆွေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှုများအား ပြေလျော့ပေးခဲ့ရာတွင် ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝဖြေလျော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးလှဆွေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၅၁။

ဥက္ကဋ္ဌ။ ။ ဦးလှဆွေ တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၁း၅၁။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် တနလင်္ဂနေ့ (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပဖို့ လျှာထားပါတယ်။ အပြောင်းအလဲရှိရင် ကြိုတင်အသိပေးကြေညာပါမယ်။ နေ့လယ်ပိုင်းအချိန်တွေမှာ ကော်မတီအလိုက် အမျိုးသားစီမံကိန်းဆိုင်ရာနှင့် ဘတ်ဂျက်ကိစ္စများကို လေ့လာကြဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၅၂။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးကို ၁၁း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]